# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 11 , 2022 Volume 57, Number 9


**၁၁.၈.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၇၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၆၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၃.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၆.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၀.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၆၄၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## နိုင်ငံခြားငွေရောင်းဝယ်ရာတွင် ဝ ဒသမ ၃ ရာခိုင်နှုန်းထက်မကျော်လွန်ရန် ဗဟိုဘဏ် ပြောင်းလဲသတ်မှတ်

အမေရိကန်ဒေါ်လာရောင်းဝယ်ရာတွင် ဝ ဒသမ ၃ ရာခိုင်နှုန်း (CBM Reference Rate ± 0.3 %) ထက်ကျော်လွန်၍ ဆောင်ရွက်ခြင်းမပြုရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယနေ့ (ဩဂုတ် ၁၀ ရက်)တွင် ထုတ်ပြန်ကြေညာသည်။

နိုင်ငံခြားသုံးငွေရောင်းဝယ်ရာတွင် (AD) လိုင်စင်ရဘဏ်များတွင်ဖြစ်စေ၊ နိုင်ငံခြားငွေ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် (MC) လိုင်စင်ရဘဏ်များတွင်ဖြစ်စေ၊ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် (MC) လိုင်စင်ရကုမ္ပဏီ၊ အဖွဲ့အစည်းများကဖြစ်စေ နိုင်ငံခြားငွေများရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းတို့ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင်ရကုမ္ပဏီများက ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းခြင်းနှင့် ပြည်ပမှနိုင်ငံခြားငွေလွှဲပို့ခြင်းတို့ကို ဆောင်ရွက်ရာတွင်လည်းကောင်း နိုင်ငံခြားငွေလဲလှယ်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်း ဝ ဒသမ ၃ ရာခိုင်နှုန်းဘောင်အတွင်းမှ လဲလှယ်ဆောင်ရွက်ကြရန် ညွှန်ကြားထားသည်။

ဗဟိုဘဏ်သတ်မှတ်ချက်အား ကျော်လွန်ဆောင်ရွက်ပါက နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းတို့အရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းလည်း အသိပေးထားသည်။ လက်ရှိတွင် အမေရိကန်တစ်ဒေါ်လာလျှင် ဗဟိုဘဏ်သတ်မှတ်ဈေးထက် ပြင်ပတွင် (၆ ကျပ် ၃၀ ပြား) ဈေးအကွာဖြင့် ရောင်းဝယ်ခွင့်ပြုကြောင်းသိရသည်။

နိုင်ငံခြားငွေ ဝယ်ယူ၊ ရောင်းချ၊ လဲလှယ်ခြင်းများဆောင်ရွက်ရာတွင် ရောင်းဈေးနှင့်ဝယ်ဈေးအကြား ကွာဟချက်ကို ယခင်က ၁ ရာခိုင်နှုန်းထက်မပိုဘဲ သတ်မှတ်ဆောင်ရွက်ခြင်းအစား ဝ ဒသမ ၈ ရာခိုင်နှုန်း အတွင်းသာ ရောင်းဝယ်မှုပြုလုပ်ရန် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် ဗဟိုဘဏ်ကညွှန်ကြားချက်ထုတ်ပြန်ခဲ့ဖူးသည်။

ဗဟိုဘဏ်မှ ဩဂုတ် ၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၂၁၀၀ ကျပ် သတ်မှတ်ထားသော်လည်း ဗဟိုဘဏ်က ပြန်လည်ရောင်းချပေးခြင်းမရှိသဖြင့် ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ရှားပါးနေသောကြောင့် တစ်ဒေါ်လာလျှင် ၂၆၀၀ ကျပ်ဈေးထိ ရောင်းချမှုများရှိကြောင်း ဈေးကွက်အတွင်းမှသိရသည်။

**Source:** http://sdtimedaily.com/


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော အခြေအနေများကို ထုတ်ပြန်ထားသည့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ၂/၂၀၂၀ ကို ပယ်ဖျက်ခြင်း

၁။ နိုင်ငံခြားကုမ္ပဏီများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉ ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုခဲ့သည့် ကုန်ပစ္စည်းအုပ်စု(၇)မျိုးတွင်ပါဝင်သော တစ်ဆင့်မြင့်ပြုပြင် ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိဆောင်ရွက်နိုင်ရန်အတွက် ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော ထုတ်ကုန်အခြေအနေများကို ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ(၂/၂၀၂၀)ဖြင့် အသိပေးထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ အချို့သော နိုင်ငံခြားကုမ္ပဏီများသည် သတင်းလွှာ(၂/၂၀၂၀)ပါ ဖော်ပြချက်တချို့အပေါ်အခြေခံ၍ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့ကို တစ်ဆင့်မြင့်ပြုပြင် ထုတ်လုပ်ခြင်းမရှိဘဲ တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ် ထားသော ကောက်ပဲသီးနှံများအဖြစ် တင်ပို့လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်၍ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော ထုတ်ကုန်အခြေအနေနှင့်စပ်လျဉ်းသည့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ(၂/၂၀၂၂)ကို ဤသတင်းလွှာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**Source: ကုန်သွယ်ရေးဦးစီးဌာန**

## ကန်ပိုက်တည်နှင့်လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းများကို နိုင်ငံတကာအဆင့် မြှင့်တင်သွားမည်

ကန်ပိုက်တည် နှင့်လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းများကို နိုင်ငံတကာအဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည့် စစ်ဆေးဆောင်ရွက်မှုများ ဆောင်ရွက်နေပြီး ကုန်သွယ်ဖက်နိုင်ငံများ၊ ကုန်သွယ်မှုအသင်းအဖွဲ့များနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များနှင့်ပါ ညှိနှိုင်းမှုများလုပ်ဆောင်နေကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံပိုင်သတင်းစာမှ ဖော်ပြချက်အရသိရသည်။

ကချင်ပြည်နယ်ရှိ ကန်ပိုက်တည်နှင့်လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့သည် မျိုးဗီဇပြုပြင်ထားသော တစ်ရှူးငှက်ပျော၊ ပြောင်း၊ ဖရဲ၊ ရော်ဘာနှင့် အခြားပြည်တွင်းထွက်ကုန်ပစ္စည်းအချို့ကို တရုတ်အပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖြစ်သည်။

အဆိုပါ ကုန်သွယ်ရေးစခန်းများမှ ပြည်တွင်းသို့ ဘိလပ်မြေ၊ ဆောက်လုပ်ရေးသုံး စက်ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများကို ပြည်တွင်းသို့ အဓိကထား တင်သွင်းနေခြင်းဖြစ်သည်။ ယခုနှစ် ဧပြီလကတည်းက စတင်ကာ ကုန်ပစ္စည်းတင်ပို့တင်သွင်းခြင်းလုပ်ငန်းများကို COVID-19 စည်းမျဉ်းများနှင့်အညီ ပြန်လည်ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံပိုင်သတင်းစာမှ ဖော်ပြမှုအရသိရသည်။

ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင်ဖွင့်လှစ်ခဲ့သော်လည်း နယ်မြေလုံခြုံရေးနှင့် အခြားအခြေနေအရပ်ရပ်ကြောင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် ၂၀၀၆ ခုနှစ် ဇွန်လတတိယ ပတ်တွင် ပိတ်သိမ်းခဲ့ရကြောင်းသိရသည်။ ယင်းသို့ပိတ်သိမ်းထားရာမှ ၂၀၀၉ ခုနှစ် ဩဂုတ်လ (၁) ရက်တွင် ပြည်နယ်အဆင့် အဖြစ် တရားဝင်ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ထို့အပြင် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းကိုလည်း ၁၉၉၂ ခုနှစ် မေလ (၇)ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၄/၉၂ ဖြင့် ခွင့်ပြုပေးခဲ့ပြီး ကုန်သွယ်ရေးဝန်ကြီးဌာနက ၁၉၉၂ ခုနှစ် ဇွန်လ (၁) ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်းကိုလည်း ၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် အခြေအနေများအရ လုပ်ငန်းများခေတ္တရပ်ဆိုင်းခဲ့ပြီး၊ ၁၉၉၈ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနကို စတင်ဖွင့်လှစ်ခဲ့သည်။

Source: Popular News Journal

TIR

## ပင်လယ်ထွက်ကုန် သဘာဝဂျင်းများ ဈေးကောင်းရရှိသဖြင့် တစ်နိုင်တစ်ပိုင် ဂျင်းမွေးမြူသူများနှင့် ဝယ်ယူရောင်းချသူများ အဆင်ပြေ



https://www.myawady.net.mm

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ကျွန်းစုမြို့နယ် ဒေသတွင်းမှ ပင်လယ်ထွက်ကုန်သဘာဝဂျင်းများ ဈေးကောင်းရရှိသဖြင့် ဂျင်းကောက်သူများ၊ တစ်နိုင်တစ်ပိုင်မွေးမြူသူများနှင့် ဝယ်ယူရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း ကျွန်းစုမြို့နယ်ဒေသတွင်းမှ ဂျင်းကောက်၊ ဂျင်းမွေးမြူရေးလုပ်သူများနှင့် မြိတ်မြို့ရှိ ဂျင်းအဝယ်ဒိုင်များမှ သိရသည်။

ပင်လယ်ထွက်ကုန် တစ်မျိုးဖြစ်သော သဘာဝဂျင်းများသည် ဒီရေတောများပေါက်ရောက်ရာ ပင်လယ်ကမ်းခြေနှင့် မြစ်ကမ်းစပ်တစ်လျှောက်တို့တွင် သဘာဝအလျောက် ပေါက်ပွားလာသည့် ပင်လယ်ရေသတ္တဝါတစ်မျိုးဖြစ်ပြီး ပုံသဏ္ဍာန်မှာလုံးဝန်း၍ အရွယ်အစားအားဖြင့် တစ်လက်မခန့်သာရှိကာ ဂျင်းထီး (ဂျင်းခေါင်းဖြူ)၊ ဂျင်းမ၊ ဂျင်းတူး၊ ဂျင်းသားပေါက်စသည်ဖြင့် ဂျင်းအမျိုးအစားပေါ် မူတည်၍ အရွယ်အစား အနည်းငယ်ကွာဟမှုရှိကြောင်း သိရသည်။

လက်ရှိတွင် ဂျင်းတစ်ကီလိုလျှင် မြိတ်ဒေသပေါက်ဈေး ငွေကျပ် ၄၀၀၀ ရရှိနေပြီး အရွယ်အစားပိုကြီးသည့် ဂျင်းမမျိုးနှင့် ဂျင်းထီး (ဂျင်းခေါင်းဖြူ) မျိုးတို့မှာ တစ်ကီလိုလျှင် ငွေကျပ် ၄၀၀၀ ကျော်အထိရရှိသည်။ “ဂျင်းက ကီလိုနဲ့ရောင်းရတာပါ။ တစ်ကီလိုကို ငွေကျပ် ၄၀၀၀ ရပါတယ်။ ကျွန်တော်တို့က ပင်လယ်ကမ်းစပ်မှာတွေ့ရှိတဲ့ သဘာဝဂျင်းတွေကို ဒေသတွင်းဂျင်းဝယ်သူတွေနဲ့ မြိတ်ဘက်က အဝယ်ဒိုင်တွေဆီ ပြန်ရောင်းချတာပါ။ တစ်ရက်ကို အနည်းဆုံး ဂျင်း ၁၀ ကီလိုနဲ့ အများဆုံး ကီလို ၂၀ လောက်တော့ ကောက်လို့ရတယ်" ဟု ကျွန်းစုမြို့နယ် ကျေးရွာဒေသဘက်မှ သဘာဝဂျင်းကောက်ယူ ရောင်းချနေသူတစ်ဦးက ပြောသည်။

ပင်လယ်ထွက်ကုန် သဘာဝဂျင်းများသည် ကျွန်းစုမြို့နယ်ဒေသဘက်မှ အများဆုံးထွက်ရှိပြီး မြစ်ကမ်းစပ်တစ်လျှောက် သဘာဝအလျောက်တွေ့ရှိသော ဂျင်းများကို ကောက်ယူရောင်းချသူများနှင့် တချို့မှာ တစ်နိုင်တစ်ပိုင် ဂျင်းမွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ဂျင်းတစ်ကီလိုတွင် ဂျင်းကောင်အလုံး အရွယ်အစားအလိုက် ဂျင်းကောင်အလုံး ၄၀ ခန့်မှ ၅၀ အထိ ပါရှိသည်။

ကျွန်းစုမြို့နယ်ဒေသတွင်းမှ ထွက်ရှိသော သဘာဝဂျင်းများကို ဒေသတွင်းဝယ်လက်များနှင့် မြိတ်မြို့ ဂျင်းအဝယ်ဒိုင်များသို့ တင်ပို့ရောင်းချကြကာ မြိတ်မြို့မှ ဂျင်းဝယ်ယူရောင်းချသူများသည် ဂျင်းများကို မော်တောင်မြို့နှင့် ထိုင်းနိုင်ငံ ရနောင်းမြို့တို့မှ ဂျင်းအဝယ်ဒိုင်ဖောက်သည်ကြီးများထံ တစ်ဆင့်ပြန်လည်တင်ပို့ရောင်းချကြကြောင်း၊ ပင်လယ်ရေထွက်ကုန် သဘာဝဂျင်းများကို ကျွန်းစုမြို့နယ်ဒေသတွင်းရှိ ရေကန်တောင်၊ ရေအေး၊ ကလိန်ဘဲ၊ မင်းချမ်းတောင်၊ မအိုင်၊ ကတန်နှင့် ပရည်ကျွန်းစသည့် ပင်လယ်ကမ်းစပ်ရှိကျေးရွာဒေသတို့ဘက်မှ အဓိကထွက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/29106

## ကြက်သွန်နီဈေးများ ပြန်လည်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်း ယခင်ရက်ပိုင်းတွင် ကြက်သွန်နီဈေး အနည်းငယ်ကျဆင်းသွားသော်လည်း ယခုရက်ပိုင်းတွင် ဈေးပြန်တက်လာတာကို တွေ့ရပါတယ်။ ကြက်သွန်နီဈေးတွေမှာ ဇွန်လဆန်းလောက်မှစ၍ ဈေးတက်ခဲ့သော်လည်း ဇူလိုင်လတွင် ဈေးအနည်းငယ်ပြန်ကျသွားကာ ယခုဩဂုတ်လဆန်းပိုင်းတွင် ဈေးပြန်တက်ကာ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ကြက်သွန်နီသည် မရှိမဖြစ်စားဖိုဆောင်သုံးသီးနှံဖြစ်တဲ့အတွက် အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေတယ်လို့ သိရပါတယ်။ အရွယ်အစားနှင့် အရည်အသွေးပေါ်မူပြီး ကြက်သွန်နီဈေးနှုန်း ကွာခြားမှုရှိနေပြီး သယ်ယူပို့ဆောင်စရိတ်အပေါ် မူတည်ပြီးလည်း ဈေးနှုန်းကွာခြားမှု ရှိနိုင်တယ်လို့ သိရပါတယ်။

ကြက်သွန်နီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်(၃.၈.၂၀၂၂)ရက်နေ့တွင် ကြက်သွန်နီ(၁) ပိဿာလျှင် (၁၆၅၀)ကျပ်ဈေး၊ ယခုတစ်ပတ်(၁၀.၈.၂၀၂၂) ရက်နေ့တွင် (၁၉၀၀/၂၀၀၀)ကျပ်ဈေးဖြစ်တဲ့အတွက် (၂၅၀/၃၅၀) ကျပ် အထိ ဈေးပြန်လည်မြင့်တက်လာပြီး ယခုတစ်ပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်တွင် ကြက်သွန်နီပိဿာချိန် (၂၅၈၀၀၀) နှင့် ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီပိဿာချိန်(၆၄၀၀၀)အထိဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## ငှက်ပျောသီးများ တရုတ်ပြည်တွင်းဈေးကွက်မှာ အရောင်းနှေးနေ



https://www.foodindustrydirectory.com.mm

ပိုမိုပူအိုက်လာချိန်ဟာ တရုတ်ပြည်တွင်း ငှက်ပျောဈေးကွက်တွင် အရောင်းနှေးတဲ့ ရာသီအစပြုချိန်ဖြစ်ပါတယ်။ ဇွန်လတွင် တရုတ်နိုင်ငံက ငှက်ပျောသီးတန်ချိန် ၁၅၅,၄၀၀ တင်သွင်းခဲ့ပါတယ်။ မေလထက် ၂၇.၁၆% လျော့နည်းပါတယ်။ ဇွန်လမှာ တင်သွင်းခဲ့တဲ့ ငှက်ပျောသီးများရဲ့ ပျမ်းမျှဈေးနှုန်းက တစ်တန် ကန်ဒေါ်လာ ၆၈၉ ဒသမ ၆၄ ဖြစ်ပါတယ်။ မေလထက် ၃.၀၁% ဈေးပိုကြီးပါတယ်။ ၂၀၂၁ ဇွန်လထက် ၁၉.၄၈% ဈေးပိုမြင့်ပါတယ်။ တင်ပို့တဲ့နိုင်ငံအပေါ် မူတည်ပြီး ဈေးနှုန်းအနည်းအများကွာခြားပါတယ်။ တရုတ်နိုင်ငံက ငှက်ပျောသီးများကို အဓိကအားဖြင့် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့်ထိုင်းတို့မှ တင်သွင်းပါတယ်။

ဖိလစ်ပိုင်က ဇွန်လတွင် တရုတ်ဈေးကွက်သို့ ငှက်ပျောသီးအများဆုံး တင်သွင်းခဲ့ပါတယ်။ တရုတ်ဈေးကွက်တွင် ငှက်ပျောသီးတင်သွင်းမှု စုစုပေါင်းရဲ့ ၄၅ ရာခိုင်နှုန်းခန့်ဟာ ဖိလစ်ပိုင်မှဖြစ်ပါတယ်။ ဒုတိယနေရာမှာ ကမ္ဘောဒီးယားက ၂၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ တတိယနေရာမှာ အီကွေဒေါက ၁၇ ရာခိုင်နှုန်းဖြင့်လည်းကောင်းရှိနေပါတယ်။ ဗီယက်နမ်မှ ငှက်ပျောသီး တင်ပို့မှုများဟာ ကိုဗစ်စည်းကမ်းများကြောင့် လျော့ကျပါတယ်။ မေလမှာ ၃၆% ရှိခဲ့ရာမှ ဇွန်လတွင် ၁၄% သာ ရှိပါတယ်။ ဗီယက်နမ်မှာ ထုတ်လုပ်မှုစရိတ်စကများ မြင့်တက်နေတာကြောင့်လည်း တင်ပို့မှုလျော့ကျပါတယ်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ငှက်ပျောတန်ချိန် ရှစ်သိန်းခန့် တင်ပို့ခဲ့ပါ တယ်။ တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ငှက်ပျောသီးများ တင်ပို့ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(General Administration of Customs of the People's Republic of China-GACC)တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

သဘောတူစာချုပ်အရ မြန်မာနိုင်ငံမှ ငှက်ပျောသီးကို တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ တင်ပို့နိုင်ပါမယ်။ အဆိုပါ သဘောတူညီချက်အရ ငှက်ပျောသီးအခွံမဝါခင် တင်ပို့ရမှာဖြစ်ပါတယ်။ ငှက်ပျောပင်မှာ ငှက်ပျောဖူးပန်းပွင့်ပြီး ၁၀~၁၁ ပတ်မှာ ငှက်ပျောခိုင်ကို မမှည့်ခင်မှာ ဆွတ်ခူးရမှာဖြစ်ပါတယ်။

**Ref:freshplaza.com**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4801-sales-of-bananas-in-china-s-domestic-market-are-slow.html

## လက်ရှိဘဏ္ဍာနှစ် ပထမ လေးလပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် စင်ကာပူက ကန်ဒေါ်လာ ၁.၀၈၆ ဘီလီယံဖြင့် ထိပ်ဆုံးမှရပ်တည်နေ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇူလိုင်လအထိ ပထမလေးလပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် စင်ကာပူနိုင်ငံက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁.၀၈၆ ဘီလီယံဖြင့် ထိပ်ဆုံးမှရပ်တည်နေကြောင်းသိရသည်။

စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ ပြည်ပတိုက်ရိုက်မြှုပ်နှံမှုတွင် စက်ဘပူစာရင်းဝင် ကုမ္ပဏီရှစ်ခုမှ ရင်းနှီးမြှုပ်နှံခဲ့ပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ခြံမြေ၊ လျှပ်စစ်နှင့်ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို အဓိကထားဆောင်ရွက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဟောင်ကောင်မှ စီမံကိန်း (၅) ခုအတွက် ခန့်မှန်းမတည်ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၆၄ သန်းကျော်ဖြင့် ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံအဖြစ် ရပ်တည်နေကြောင်းသိရသည်။ ထို့အပြင် တရုတ်နိုင်ငံအနေဖြင့် ကန်ဒေါ်လာ ၅၅ ဒသမ ၇ သန်းကျော်ဖြင့် ရင်းနှီးမြှုပ်နှံမှုစာရင်းတွင် တတိယနေရာတွင်ရပ်တည်နေပြီး ဘလိဇ်နှင့်ဂျပန်နိုင်ငံတို့မှ လုပ်ငန်းတစ်ခုစီ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ တရုတ်တိုင်ပေ၊ တရုတ်၊ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများလည်း တိုးလာခဲ့သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဧပြီလမှဇူလိုင်လအတွင်း ခန့်မှန်းခြေ မတည်ငွေ ကန်ဒေါ်လာ ၁.၂ ၂ ဘီလီယံတန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၂၉ ခုကို ခွင့်ပြုပေးခဲ့ကြောင်းလည်း DICA ၏ စာရင်းဇယားများအရ သိရသည်။ အဆိုပါလုပ်ငန်းများတွင် ကုန်ထုတ်လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ အိမ်ခြံမြေနှင့်ဝန်ဆောင်မှုကဏ္ဍများ အဓိကပါနေကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ - ၂၀၂၂ ခုနှစ် မီနီဘတ်ဂျက်ကာလ (၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လ)အတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၄၉ ခုမှ ကန်ဒေါ်လာ ၆၄၇ ဒသမ ၁၂၇ သန်းကျော်ရရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရသိရသည်။

စင်္ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၄၁၈ သန်း၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂.၃ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄.၂၉ဘီလီယံ၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄.၂၅ ဘီလီယံ၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃.၈ ဘီလီယံ၊ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂.၁၆ ဘီလီယံ၊ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂.၄ ဘီလီယံ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁.၈၅ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်းသိရသည်။ ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန်၌လည်း ဂျပန်ပြီးလျှင် စင်္ကာပူသည် ဒုတိယအကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။

Source: Popular News Journal

## ထိုင်းနိုင်ငံသို့တင်ပို့နိုင်သည့် လက်ကျန်ရက်များတွင် အမြန်ဆုံးတင်ပို့နိုင်ပါက ပြည်တွင်းပြောင်းလက်ကျန်ပြောင်းများအတွက်အဆင်ပြေနိုင်မည်




ထိုင်းနိုင်ငံသို့တင်ပို့နိုင်သည့် လက်ကျန်ရက်များတွင် ပြည်တွင်းပြောင်းလက်ကျန်ပြောင်းများကို အမြန်ဆုံးတင်ပို့နိုင်ရန် ဆောင်ရွက်သင့်ကြောင်း ပြောင်းလုပ်ငန်းရှင်များထံကသိရသည်။

ထိုင်းနိုင်ငံသို့ မြန်မာပြောင်းတင်ပို့မှုကို စက်တင်ဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၁ ရက်ထိ ငါးလတာပိတ်ထားခြင်းဖြစ်ရာ ယခုနှစ်ပြောင်းတင်ပို့မှုကို ဩဂုတ်လကုန်ထိသာ တင်ပို့ခွင့်ကျန်ရှိတော့သဖြင့် အဆိုပါကာလအတွင်း ပို့ကုန်သမားများအနေဖြင့် အမြန်ဆုံး တင်ပို့နိုင်မှသာ လက်ကျန်ပြောင်းများအတွက် အဆင်ပြေမည်ဖြစ်သည်။

ပြည်တွင်းပြောင်းလက်ကျန်မှာ ဩဂုတ်လဆန်းပိုင်းထိ ပြောင်းတန်ချိန် ၂၂၀,၀၀၀ ကျော် အိတ်ရေ သိန်း ၄၀-၅၀ ခန့် ကျန်ရှိနေသေးကြောင်း၊ ပြည်တွင်းဒေါ်လာဈေး ၂၁၀၀ ကျပ်သို့ အပြောင်းအလဲ သတ်မှတ်ချက်ကြောင့် ပြောင်းဈေးပြန်လည်မြင့်တက်လာသော်လည်း ယခင်ပြောင်းဈေး တစ်ပိဿာကျပ် ၁၀၀၀ကျော်သို့ မရောက်ရှိသေးကြောင်းနှင့် ပို့ကုန်လိုင်စင်များ အမြန်ဆုံးရရှိတင်ပို့နိုင်မှသာ လက်ကျန်ပြောင်းဈေးကွက် ပြန်လည်မြင့်တက်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပြောင်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းကပြောသည်။

"ဩဂုတ်လဆန်းပိုင်းထိ ပြောင်းတန်ချိန် နှစ်သိန်းနှစ်သောင်းကျော် ပြောင်းတစ်တင်းခွဲအိတ် သိန်း ၄၀-၅၀ ကြားလောက်ကျန်ရှိနေပါတယ်။ ဒေါ်လာဈေးအပြောင်းအလဲရှိလာတော့ ပြောင်းဈေးမြင့်တက်လာပါတယ်။ ပြည်တွင်း အစာစက်တွေကလည်း ထိုက်သင့်တဲ့ဈေးနဲ့ ပြောင်းဈေးမြှင့်ဝယ်ယူလာရင်တော့ လက်ကျန်ပြောင်းတွေ အတွက် အဆင်ပြေလာပါမယ်။

လက်ရှိမှာတော့ မြဝတီနယ်စပ်အရောင်းနဲ့ FOB သင်္ဘောတင်ပြောင်းတွေအတွက် လိုင်စင်တွေကျနေပါပြီ။ အချို့လိုင်စင်လျှောက်ရာမှာ လုပ်ငန်းကျွမ်းကျင်မှုမရှိသေးတော့ ကြန့်ကြာတဲ့အခက်အခဲတွေရှိနေတာပါ။ လိုင်စင်ကိစ္စမြန်ဆန်သွားရင်နယ်စပ်အရောင်းက ပြန်ကောင်းလာမှာပါ" ဟု ၎င်းကပြောသည်။

"ယခင်လို ပြောင်းဈေး တစ်ပိဿာကျပ် ၁၀၀၀ အထက်မရောက်ရှိသေးသော်လည်း ဒီရက်ပိုင်း ပြောင်းဈေးမြင့်တက်လာပါပြီ။ စိုက်ပျိုးထုတ်လုပ်သူတောင်သူတွေလည်း ပြောင်းဈေးကောင်းကိုမျှော်လင့်ပြီး စိုက်ပျိုးစရိတ်မြင့်မားစွာ ကုန်ကျထားတော့ ပြောင်းဈေးကောင်းတစ်ခုတော့ ပြန်ဖြစ်လာမှာပါ။ နောက်စိုက် ပြောင်းသစ်ပေါ်လာချိန်ဖြစ်လာသလို ထိုင်းနိုင်ငံကိုရောင်းချခွင့်ရရှိတဲ့ရက်ကကုန်တော့မှာပါ။ တစ်ရက်မြန်ရင်တစ်ရက် သိသိသာသာ လက်ကျန်ပြောင်းတွေတင်ပို့နိုင်ဖို့လိုပါတယ်" ဟု ဦးသန့်ဇင်ထွန်းကပြောသည်။

ပြည်တွင်းပြောင်းစိုက်ပျိုးသူများအနေဖြင့် ယခုနှစ်ပြောင်းစိုက်ပျိုးရာသီတွင် ရာသီဥတုကြောင့် ပြောင်းစိုက်ခင်းများပျက်စီးမှုရှိခြင်း၊ စိုက်ပျိုးစရိတ်မြင့်တက်ခဲ့ခြင်းကြောင့် စိုက်ပျိုးဧကလျော့ကျခြင်းများရှိနေရာ လာမည့်ပြောင်းရာသီတွင် ပြောင်းဈေးကောင်းရရှိရန် မျှော်လင့်နေကြကြောင်းသိရသည်။

Source: Myanma Awba

## STOCK EXCHANGE (11.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,900 | -200 | -2.82% | 7,000 | 7,000 | 6,900 | 630 | 4,380,000 | 33,109,694 | 228,457 |
| MTSH | 00002 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 1,535 | 3,760,750 | 38,929,150 | 95,376 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 0 | 0 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 0 | 0 | 2,472,053 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,350 | -100 | -4.08% | 2,350 | 2,350 | 2,350 | 210 | 493,500 | 19,977,223 | 46,946 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


### Market summary

As of 11th Aug. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 326.86 | -4.96 | -1.49% | 330.67 | 330.67 | 326.86 | 2,375 | 8,634,250 | 7 | 568,616 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 11th Aug. 2022

| MYANPIX | 326.86 ▼ 4.96 |
| --- | --- |
| Total Volume (shares) | 2,375 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 568,616 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 6,900 | ▼ 200 |
| MTSH | 00002 | 2,450 | ▲ 0 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,350 | ▼ 100 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR